Message Five

**အသက်ပင်**

ဖတ်ရန်ကျမ်း။ ။ က၊၂း၇-၉။ ဗျာ၊၂း၄-၅၊ ၇။ ၂၂း၂၊ ၁၄။ ၂ကော၊ ၄း၅။ ၅း၁၄-၁၅

**I. အသက်ပင်အဖြစ် ခရစ်တော်သည် အသက်ပင်၏စစ်မှန်ခြင်း ဖြစ်တော်မူ၍၊ အသက်ပင်သည် စကြဝဠာ၏အလယ်ဗဟို ဖြစ်သည်။ အသက်သည် ဘုရားသခင့်ဖန်ဆင်းခြင်း၏ပန်းတိုင် (က၊၁း၂၆-၂၈၊ ၃၁၊ ၂း၇-၉) နှင့် ဘုရားသခင်၏ပြည့်စုံသောကယ်တင်ခြင်း ပန်းတိုင် ဖြစ်သည် (ယော၊၁၉း၃၄။ ရော၊၅း၁၀။ ဗျာ၊၂၂း၁-၂၊ ၁၄၊ ၁၉)။**

A. သမ္မာကျမ်းစာထဲတွင် အသက်ပင်သည် ကျွန်ုပ်တို့၏စားစရာအဖို့ ဘုရားသခင့်ကြွယ်ဝခြင်းအားလုံး၏ ကိုယ်ထင်ရှားခြင်း တည်းဟူသော ခရစ်တော်ကို အမြဲပင် ပုံဆောင်သည်။ ဘုရားသခင်သည် လူကို အသက်ပင်ရှေ့တွင် နေရာချထားခြင်းမှာ လူသည် ကိုယ်တော့်ကို အသက်ဆိုင်ရာအရ စားသုံးခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော့်ကို ဇီဝတွင်းဖြစ်ပျက်မှုဆိုင်ရာအရ စုပ်ယူလက်ခံခြင်းအားဖြင့်လည်းကောင်း လူ၏အသက်အဖြစ် ကိုယ်တော့်ကို လက်ခံရယူရန် ဘုရားသခင် အလိုတော်ရှိကြောင်း ညွှန်ပြထားခြင်း ဖြစ်သည်။ ထိုသို့ဖြင့် ဘုရားသခင်သည် လူသားဖြစ်ခြင်း၏စေ့စပ်ထုံးဖွဲ့မှု ဖြစ်လာနိုင်မည်ဖြစ်သည် - ကော၊၂း၉။ က၊၂း၉။ ယော၊၁း၄၊ ၁၀း၁၀၊ ၁၄း၆၊ ၁၅း၁၊ ၆း၃၅၊ ၅၇၊ ၆၃။ ၁ကော၊၁၅း၄၅ခ။

B. ဗျာဒိတ်ကျမ်း ၂း၇ တွင် အသက်ပင်သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူပြီး (သစ်သားပိုင်းတစ်ခု ဖြစ်သည့် သစ်ပင်၌ ရည်ညွှန်းခြင်း - ၁ပေ၊၂း၂၄)၊ ရှင်ပြန်ထမြောက်တော်မူသော (ဘုရားသခင်၏အသက်၌ ရည်ညွှန်းခြင်း - ယော၊၁၁း၂၅) ခရစ်တော်ကို ပုံဆောင်ခြင်း ဖြစ်၍၊ ယနေ့ ကိုယ်တော်သည် ယေရုရှလင်မြို့သစ်တည်းဟူသော ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် အသင်းတော်၌ ရှိတော်မူသည်။ အသေခံတော်မူပြီး ရှင်ပြန်ထတော်မူသော ခရစ်တော်သည် ယေရုရှလင်မြို့သစ်၌ ဘုရားသခင်၏ ရွေးနုတ်ခံလူများအားလုံးအတွက် ထာဝရကာလတိုင် အစာအာဟာရ ဖြစ်စေခြင်းငှာ အသက်ပင် ဖြစ်တော်မူမည် (ဗျာ၊၂၂း၂၊ ၁၄)။

**II. ဘုရားအသက်သည် လူ့အတွင်း၌ ကြုံတွေ့ရသော အတားအဆီးများကို ကျွန်ုပ်တို့ သိမြင်ရန် လိုအပ်သည် -**

A. ဘုရားအသက်သည် ကျွန်ုပ်တို့အတွင်း၌ ကြုံတွေ့ရသော ပထမဦးဆုံး ပြဿနာမှာ ကျွန်ုပ်တို့သည် မိမိတို့၏လူသား ထင်မြင်ယူဆချက်များ၏မှောင်မိုက်ခြင်းကို သိနားလည်မှု မရှိကြခြင်း ဖြစ်သည်။

1. ခရစ်ယာန်အသက်တာတွင် အရေးကြီးသည့်တစ်ခုတည်းသောအရာမှာ ကျွန်ုပ်တို့၌ အသက်ရှင်တော်မူသောခရစ်တော်ကို ကျွန်ုပ်တို့ မည်ကဲ့သို့ဂရုစိုက်ကြသည်ဟူသောအရာကို သိမြင်ရန် လိုအပ်သည် - ဂလ၊၁း၁၆၊ ၂း၂၀၊ ၄း၁၉။ ဖိ၊၁း၁၉-၂၁။ ဧ၊၄း၁၃။ ၂ကော၊၃း၁၈။

2. ခရစ်ယာန်တစ်ဦးဖြစ်ခြင်းဆိုသည်မှာ ခရစ်တော်မှအပ အခြားမည်သည့်အရာကိုမျှ ကျွန်ုပ်တို့၏ ရည်မှန်းချက်အဖြစ် မမှတ်ယူခြင်းကို ဆိုလိုသည်။ လူများစွာသည် ကယ်တင်ခံရပြီးနောက် သူတို့၏ဝိညာဉ်ရေးရာအသက်တာတွင် အခက်အခဲရှိကြသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် အသက်လမ်းကို မသိကျွမ်းသောကြောင့် ဖြစ်ပြီး၊ ခရစ်တော်ကို သူတို့၏ အသက်အဖြစ် မမှတ်ယူခြင်းကြောင့် ဖြစ်သည်။

B. အသက်သည် ကျွန်ုပ်တို့အတွင်း၌ ကြုံတွေ့ရသည့် ဒုတိယပြဿနာမှာ ဟန်ဆောင်လျှို့ဝှက်ခြင်း ဖြစ်သည် - မ၊၆း၂၊ ၅၊ ၇း၅၊ ၂၃း၁၃-၂၉။

1. လူပုဂ္ဂိုလ်တစ်ဦး၏ ဝိညာဉ်ရေးရာရှိခြင်းကို အပြင်ပန်းပုံသဏ္ဌာန်အားဖြင့် ဆုံးဖြတ်ခြင်း မဟုတ်ဘဲ ထိုသူသည် အတွင်း၌ ကိန်းဝပ်တော်မူသော ခရစ်တော်ကို မည်ကဲ့သို့ ဂရုစိုက်ပုံအားဖြင့် ဆုံးဖြတ်ခြင်း ဖြစ်သည်။

2. ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ ကောင်းခြင်းသည် အတုအယောင် ဝိညာဉ်ရေးရာရှိခြင်း ဖြစ်ပြီး အကယ်စစ်စစ် ၎င်းသည် အသက်အတွက် ကြီးစွာသောအဟန့်အတားဖြစ်သည်။ အသက်၏ထင်ရှားခြင်းတွင် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာစိတ်နေသဘောထားနှင့် ဦးစားပေးနှစ်သက်မှုတို့ကို ငြင်းပယ်ခြင်းနှင့် ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်ရန်နှင့် ကျွန်ုပ်တို့အား ချိုးဖွဲ့ရန် ခရစ်တော်ကို ရိုးရှင်းစွာ အခွင့်ပေးခြင်းတို့ ပါဝင်သည်။

3. အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့၏စိတ်နေသဘောထားနှင့် ဇာတိဖြစ်ခြင်းအတိုင်း အမှုအရာများကို အစဉ် လုပ်ဆောင်ပါက၊ ထွက်ပေါ်လာမည့်ရလဒ်မှာ ဟန်ဆောင်လျှို့ဝှက်မှုပင် အမြဲဖြစ်ပေမည်။

C. အသက်သည် ကျွန်ုပ်တို့အတွင်း၌ ကြုံတွေ့ရသော တတိယ ပြဿနာမှာ ပုန်ကန်ခြင်း ဖြစ်သည်။

1. ခရစ်တော်သည် ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်ပြီး လှုပ်ရှားတော်မူခြင်းမှာ ကျွန်ုပ်တို့ကို ကိုယ်တော်၏အလိုတော်နှင့် ကျွန်ုပ်တို့အား တောင်းဆိုထားသောအရာများနှင့် ပတ်သက်၍ ရှင်းလင်းမှု ရှိစေရန်သာမက ကိုယ်တော်၏ဦးဆောင်ခြင်းနှင့် ကျွန်ုပ်တို့ကို ဆက်ဆံဖြေရှင်းခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းမှု ရှိစေရန်အလို့ငှာ ဖြစ်သည်။

2. သို့သော်၊ ကျွန်ုပ်တို့သည် အတွင်း၌ရှိသောခံစားချက်ကို မနာခံဘဲ ဆန့်ကျင်ကာ၊ ကိုယ်တော်၏ဦးဆောင်ခြင်းကို လက်မခံခြင်း သို့မဟုတ် အဖိုးအခ ပေးခြင်း မရှိပါက၊ ဤကဲ့သို့ အလိုဆန္ဒ မရှိခြင်းနှင့် အတိုက်အခံလုပ်ခြင်းတို့မှာ ပုန်ကန်ခြင်း ဖြစ်သည်။

3. ကျွန်ုပ်တို့ ကြိမ်ဖန်အများဆုံးနှင့် အဆိုးရွားဆုံး ကျူးလွန်သော အပြစ်သည် အပြင်ပန်းနှင့် မျက်မြင်ရသောအပြစ် မဟုတ်ဘဲ၊ ယင်းမှာ ကျွန်ုပ်တို့၌ရှိသော ခရစ်တော်၏အာရုံခံစားမှုကို မနာခံသော အပြစ်ပင် ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်တော်မူပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား အသက်၏အတွင်းပိုင်းအာရုံခံစားမှုကို အဆက်မပြတ် ပေးလျက်နေတော်မူသည် - ရော၊၈း၆။ ၁ယော၊၂း၂၇။

D. အသက်သည် ကျွန်ုပ်တို့အတွင်း၌ ကြုံတွေ့ရသော စတုတ္ထပြဿနာမှာ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာလုပ်နိုင်စွမ်း ဖြစ်သည်။

1. ညီအစ်ကိုညီအစ်မများစွာသည် သခင်ဘုရားကို စစ်မှန်စွာ ချစ်ခြင်း၊ သခင်ဘုရားအတွက် စိတ်အားထက်သန်ခြင်းနှင့် ဘုရားဝတ်၌ မွေ့လျော်ခြင်း အလွန်ရှိကြသည်။ သို့သော်လည်း၊ သူတို့၏အကြီးမားဆုံးပြဿနာမှာ သူတို့၏လုပ်နိုင်စွမ်းများနှင့် စွမ်းရည်များနှင့်စပ်ဆိုင်သော ခွန်အားနှင့် ကြီးမြတ်ခြင်း ဖြစ်သည်။ အကျိုးဆက်အနေဖြင့်၊ ခရစ်တော်သည် သူတို့၌ အခြေပြုနေရာ သို့မဟုတ် နည်းလမ်း မရရှိပေ။

2. ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ပြီး ဆုကျေးဇူးရှိသောသူများ ဖြစ်နိုင်ပါသည်၊ သို့သော် ကျွန်ုပ်တို့သည် ထိုအရာများကို အပြစ် သို့မဟုတ် ညစ်ညမ်းမှုအဖြစ် မသတ်မှတ်ကြပေ။ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာလုပ်နိုင်စွမ်းများကို စက်ဆုပ်ရွံရှာရမည့်အစား၊ ကျွန်ုပ်တို့သည် ၎င်းတို့ကို တန်ဖိုးထားကြသည်။ အကယ်၍ ၎င်းတို့သည် ကျွန်ုပ်တို့အတွင်း၌ မကျိုးပဲ့သေးဘဲ ကျန်ရစ်နေပါက၊ ခရစ်တော်၏အသက်အဖို့ ပြဿနာ ဖြစ်လာလိမ့်မည်။

E. ကျွန်ုပ်တို့အတွင်းရှိ ဤအတားအဆီး အားလုံးအတွက် ဖြေရှင်းနည်းတစ်ခု ရှိပါသည် - ကျွန်ုပ်တို့သည် ကားတိုင်းကို ဖြတ်ကျော်ကြရမည်ဖြစ်ပြီး ကျွန်ုပ်တို့အား ချိုးဖဲ့ရန် ကားတိုင်ကို အခွင့်ပေးကြရမည်။ ကျွန်ုပ်တို့အတွင်းရှိ ခရစ်တော်၏အသက်ကို နှောင့်ယှက်တားဆီးခြင်း မရှိစေလိုပါက၊ ကျွန်ုပ်တို့သည် ကားတိုင်၏ချိုးဖဲ့ပေးခြင်းနှင့် ဤအတားအဆီးများကို ဆက်ဆံဖြေရှင်းခြင်းနှင့် ဖယ်ရှားခြင်းခံရန် အခွင့်ပေးရမည် - မ၊၁၆း၂၄-၂၅။

**III. အသက်ပင်အဖြစ် ခရစ်တော်ကို ကျွန်ုပ်တို့ စားသုံးရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ကိုယ်တော့်ကို ပထမနေရာ ပေးရမည်။ ယင်းမှာ ကိုယ်တော့်ကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်၊ ကျွန်ုပ်တို့၏အသက်တာတွင် ကိုယ်တော့်ကို အရာခပ်သိမ်းအဖြစ် သဘောထားရန်နှင့် မှတ်ယူရန် ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်အားဖြင့် အနိုင်အထက်သွေးဆောင်ခံရန် ဖြစ်သည် - ဗျာ၊၂း၄-၅။ ကော၊ ၁း၁၈ခ။ ၂ကော၊၅း၁၄-၁၅။ မာ၊၁၂း၃၀။ ဆာ၊၇၃း၂၅-၂၆၊ ၈၀း၁၇-၁၉။**

A. သခင်ဘုရားကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်၊ အရာခပ်သိမ်း၌ ကိုယ်တော့်ကို ပထမနေရာပေးရန်ဆိုသည်မှာ အသက်ပင်အဖြစ် ကိုယ်တော့်ကို စားသုံးရန် ဖြစ်သည်။ အသက်ပင်အဖြစ် ခရစ်တော်ကို စားသုံးခြင်း၊ ဆိုလိုသည်မှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်မစရာအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းသည် အသင်းတော်အသက်တာတွင် အဓိကအကြောင်းအရာ ဖြစ်သင့်သည် - ဗျာ၊၂း၇။ ယော၊၆း၅၇၊ ၆၃။

B. အသင်းတော်အသက်တာတွင် ပါဝင်သောအရာသည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအပေါ် မူတည်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်လေလေ၊ ပါဝင်သောအရာသည် ပို၍ကြွယ်ဝလေလေ ဖြစ်သည်။ သို့သော် အသက်ပင်အဖြစ် ခရစ်တော်ကို စားသုံးခြင်း၊ ကျွန်ုပ်တို့၏ အသက်မစရာအဖြစ် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကိုယ်တော့်ကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန် ကျွန်ုပ်တို့အား တောင်းဆိုထားသည် - ဗျာ၊၂း၄-၅။

C. တစ်ဖက်တွင်၊ အတိအကျ ပြောဆိုပါက၊ ဗျာဒိတ် ၂း၇ ရှိ ဘုရားသခင်၏ပရဒိသုဘုံ၌ ရှိသောအသက်ပင်ကို စားသုံးခြင်းဆိုသည်မှာ လာမည့် မိလေနီနိုင်ငံတော်တွင် ယေရုရှလင်မြို့သစ်၌ ကျွန်ုပ်တို့၏အသက်မစရာအဖြစ် ခရစ်တော်ကို အထူးမွေ့လျော်ဝမ်းမြောက်ခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

D. အခြားတစ်ဖက်တွင်၊ ကျွန်ုပ်တို့သည် ကားတိုင်ပေါ်တွင် အသေခံပြီး ရှင်ပြန်ထမြောက်သော ခရစ်တော်ကို ကျွန်ုပ်တို့၏ဝိညာဉ်၌ စားစရာ မစထောက်ပံ့မှု ဖြစ်သော အသက်ပင်အဖြစ်၊ ယနေ့အသင်းတော်၌ ကြိုတင် မြည်းစမ်းမှုအဖြစ် မွေ့လျော်ဝမ်းမြောက်နေကြခြင်း ဖြစ်သည်။ ဒေသန္တရအသင်းတော်အားလုံးသည် ဘုရားသခင်၏ပရဒိသုဘုံ ဖြစ်၍၊ အသင်းတော်အားလုံးတွင် ခရစ်တော်သည် ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရန် အသက်ပင် ဖြစ်တော်မူသည်။

E. ကျွန်ုပ်တို့သည် ခရစ်တော်ကို အရာအားလုံး ပထမနေရာ ပေးပြီး အသေခံ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို အသက်ပင်အဖြစ် ကျွန်ုပ်တို့၏စားသုံးခြင်းကို တစ်နေ့တာလုံး ထိန်းသိမ်းထားသောအခါ၊ အသင်းတော်၏အခြေအနေသည် မည်ကဲ့သို့ ဖြစ်စေကာမူ၊ ကျွန်ုပ်တို့အဖို့ ပရဒိသုဘုံ ဖြစ်လာသည်။ ထို့ကြောင့်၊ အသင်းတော်အပေါ် ကျွန်ုပ်တို့၏ခံစားချက်နှင့် သဘောထားသည် ကျွန်ုပ်တို့၏အခြေအနေအပေါ် မူတည်သည်။

F. "အကယ်၍ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာ၌ ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း မရှိပါက၊ နိုင်ငံတော် ခေတ်ကာလတွင် အသက်ပင်ကို ကျွန်ုပ်တို့ ပါဝင်စားသုံးကြရလိမ့်မည် မဟုတ်သည်မှာ သေချာပါသည်။ ကျွန်ုပ်၏ အတွေ့အကြုံအရ၊ ယနေ့ အန်နာဟိုင်းမြို့၌ ရှိသော အသင်းတော်သည် ကျွန်ုပ်အဖို့ ပရဒိသုဘုံ ဖြစ်သည်" - *The Collected Works of Witness Lee, 1994–1997,* vol. 5, "The Vital Groups," p. 157

G. အသင်းတော်၏ပျက်စီးခြောက်ကပ်ခြင်းနှင့် ကျဆင်းခြင်းအတွက် ပင်ကိုမူလအကြောင်းရင်းမှာ ခရစ်တော်သည် ဘုရားသခင်၏ လူများအားဖြင့် ချီးမြှောက်ခြင်းကို မခံရသောကြောင့် ဖြစ်သည်။ သူတို့သည် အရာခပ်သိမ်း၌ ကိုယ်တော့်ကို ဦးဆုံးနေရာ၊ ပထမနေရာ မပေးကြပေ။ ဘုရားသခင်၏လူများသည် ခရစ်တော်ကို ချီးမြှောက်၍ သူတို့ အသက်ရှင်ခြင်း၏ရှုထောင့်တိုင်းတွင် ကိုယ်တော့်ကို ဦးဆုံးနေရာ ပေးသောအခါတိုင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် နိုးထခြင်း ရှိသည် - ဆာ၊၈ဝး၁၇-၁၉။

H. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ရှင်ခြင်း၌သာမက ကျွန်ုပ်တို့၏ဝေငှချက် အားလုံး၌လည်း ပထမနေရာ ရှိရမည်၊ "ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည် မဟုတ်။ ခရစ်တော်ယေရှုသည် သခင် ဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ ငါတို့သည် ယေရှုအတွက် သင်တို့၏ကျွန် ဖြစ်ကြောင်းကိုလည်းကောင်း ဟောပြောကြ၏" - ၂ကော၊၄း၅။ ညွှန်း၊ ဟေဗြဲ၊၁း၃၊ ၈း၁၊ ၁၂း၂။ ဆာ၊၈ဝး၁၊ ၁၇-၁၉၊ ၁၁ဝး၁-၇။

1. ကျွန်ုပ်တို့၏အလုပ်တွင် ကျွန်ုပ်တို့သည် လူတို့အား အလယ်ဗဟိုသို့ အဆက်မပြတ်ပြန်လည်ခေါ်ဆောင်လာပြီး "ခရစ်တော်သည် သခင် ဖြစ်တော်မူကြောင်း" ကို သူတို့အား သိမြင်စေသင့်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုအား ပလ္လင်တော်ပေါ်တွင် ကိုယ်တော်၏နေရာကို ပေးကြရမည် - ညွှန်း၊ သီ၊၁း၁-၄။ ဟေရှာ၊၆း၁၊ ၃။ ယော၊၁၂း၄၁။

2. ကျွန်ုပ်တို့သည် ထိုကဲ့သို့သော ဝေငှချက်ကို ပေးရန်အလို့ငှာ၊ ကျွန်ုပ်တို့ကိုယ်တိုင်သည် ဘုရားသခင်အားဖြင့် ချိုးဖဲ့ခြင်းကို ခံရမည်ဖြစ်၍ ခရစ်တော်ကို ကျွန်ုပ်တို့၌ ပထမနေရာ ရစေရန် အခွင့်ပေးကြရမည်။ ကျွန်ုပ်တို့၏ဝေငှချက်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ပင် ဖြစ်သည် - ၂ကော၊၄း၁ဝ-၁၃။ ယော၊၁၂း၂၄-၂၆။ ညွှန်း၊ လု၊၁၂း၄၉-၅ဝ။

3. "ကောင်းစွာ ပြုပြီ" ဟူသော သခင်ဘုရား၏စကားသည် လောကီသားတို့၏ ချီးမွမ်းစကားအားလုံးထက် သာလွန်သည်။ ကောင်းကင်၏အပြုံးမျက်နှာသည် မြေကြီး၏ဒေါသမျက်နှာများထက် သာလွန်သည်။ ကောင်းကင်၏နှစ်သိမ့်ပေးခြင်းသည် မြေကြီး၏မျက်ရည်အားလုံးထက် သာလွန်သည် - မ၊၂၅း၂၁၊ ၂၃။ ယေ၊၁း၇-၉၊ ၁၈-၁၉။ ဒံ၊၄း၂၆။

I. ခရစ်တော်ကို အရာခပ်သိမ်း၌ ပထမနေရာ ပေးရန်အလို့ငှာ၊ ကျွန်ုပ်တို့၏ရှင်ဘုရင်အဖြစ် ကိုယ်တော့်အတွက် ကျွန်ုပ်တို့၌ ကြင်နာယုယသော ချစ်ခြင်းမေတ္တာ ရှိရမည်။ ထိုအခါ ကျွန်ုပ်တို့၏လျှာသည် အသင့်ရှိသော စာရေးသူ၏ကလောင်တစ်ချောင်း ဖြစ်၍၊ ကိုယ်တော့်အတွက် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့၏တွေ့ကြုံခံစားမှုနှင့် ကိုယ်တော် ဖြစ်သမျှအတိုင်း ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်မှုနှင့်အတူ ကိုယ်တော့်ထံ ကျွန်ုပ်တို့၏ချီးမွမ်းခြင်းတို့ကို ရေးဖွဲ့ရန် အသင့်ရှိပေမည် - ဆာ၊၄၅း၁-၂။ ၂ကော၊၃း၃၊ ၆။

J. သခင်ဘုရားကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်၊ အရာခပ်သိမ်း၌ ကိုယ်တော့်ကို ပထမနေရာ ပေးရန်ဆိုသည်မှာ၊ ကိုယ်တော့်ကို ကျွန်ုပ်တို့၏ အလယ်ဗဟို - ကျွန်ုပ်တို့ ဆုပ်ကိုင်ထားသော အလယ်ဗဟိုဆိုင်ရာဖြစ်ခြင်း - နှင့် ကျွန်ုပ်တို့၏စကြဝဠာဆိုင်ရာ ဖြစ်ခြင်း - ကျွန်ုပ်တို့၏အရာအားလုံးအဖြစ် မှတ်ယူခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကျွန်ုပ်တို့၏တစ်ဦးချင်းဆိုင်ရာ စကြဝဠာ၏ အလယ်ဗဟို၊ ပါဝင်သောအရာ နှင့် အဝန်းအဖြစ် မှတ်ယူရန် လိုအပ်သည် - ကော၊၁း၁၇ခ၊ ၁၈ခ။

K. သခင်ဘုရားကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်၊ အရာခပ်သိမ်း၌ ကိုယ်တော်ကို ပထမနေရာ ပေးရန်ဆိုသည်မှာ၊ ကိုယ်တော်၏ တင့်တယ်ခြင်းကို ကြည့်ရှုရန်နှင့် ကျွန်ုပ်တို့ခရစ်ယာန်အသက်တာနှင့် အလုပ်၏အသေးစိတ်အချက်အလက်တိုင်းတွင် ယေဟောဝါကို မေးလျှောက်ရန် ဖြစ်သည် - ဆာ၊၂၇း၄။ ယောရှု၊၉း၁၄။ ဖိ၊၄း၆-၇။

L. သခင်ဘုရားကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်၊ အရာခပ်သိမ်း၌ ကိုယ်တော်ကို ပထမနေရာ ပေးရန်ဆိုသည်မှာ၊ ကျွန်ုပ်တို့၏ ရောနှော ပေါင်းစည်းထားသော ဝိညာဉ်အားဖြင့် လွှမ်းမိုးခံခြင်း၊ အုပ်ချုပ်ခံခြင်း၊ ညွှန်ကြားခံခြင်း၊ ဦးဆောင်ခံခြင်းနှင့် လှုပ်ရှားစေခြင်း ဖြစ်ပြီး၊ ကိုယ်တော်၏ဖမ်းဆီးခံများ ဖြစ်ခြင်းအားဖြင့်လည်းကောင်း၊ "သခင်ဘုရား၊ ကျွန်ုပ်ကို အနိုင်ယူတော်မူပါ။ ကျွန်ုပ်ကို ကိုယ်တော်၏ဖမ်းဆီးခံ ဖြစ်စေပါ။ ကျွန်ုပ်ကို ဘယ်တော့မှ အနိုင်ရရှိခွင့် မပြုပါနှင့်။ ကျွန်ုပ်တို့ကို အချိန်တိုင်းရှုံးနိမ့်စေပါ" ဟု ဆုတောင်းခြင်းအားဖြင့် လည်းကောင်း ကျန်အရာများကို ကျွန်ုပ်တို့၏ဝိညာဉ်၌ ဂရုစိုက်ခြင်း ဖြစ်သည် - ၂ကော၊၂း၁၃-၁၄။

M. သခင်ဘုရားကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်၊ အရာခပ်သိမ်း၌ ကိုယ်တော်ကို ပထမနေရာ ပေးရန်ဆိုသည်မှာ၊ ကြောက်မက်ဖွယ်သော ကျောက်သလင်းကဲ့သို့ ကြည်လင်သော ကောင်းကင်ပေါ်ရှိ ဘုရားသခင်၏နီလာကျောက်ပလ္လင်တော် ရှိခြင်း ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြားတွင် မည်သည့်အရာမျှ မရှိကြောင်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အုပ်စိုးသော မျက်မှောက်တော်၏ကောင်းကင်ဆိုင်ရာလေထု၊ အနေအထားနှင့် အခြေအနေဖြင့် ဖြည့်ခြင်းခံရကြောင်း ဆိုလိုခြင်း ဖြစ်သည် - ကိုယ်တော့်ကို ကျွန်ုပ်တို့၏ရှင်ဘုရင်အဖြစ် မှတ်ယူပြီး ကျွန်ုပ်တို့အတွင်း အုပ်စိုးရန် နှင့် စိုးစံရန် အခွင့်ပေးခြင်း ဖြစ်သည် - ယေဇ၊၁း၂၂၊ ၂၆။

N. မြေကြီးပေါ်တွင် ရှင်ဘုရင်အရိုက်အရာ၌ ကိုယ်တော်၏အကူများ ဖြစ်ကြသော အောင်မြင်သူများနှင့်အတူ စိုးစံတော်မူသော ရှင်ဘုရင်ခရစ်တော်သာလျှင် ယနေ့လောက၏ ပြဿနာများကို ဖြေရှင်းနိုင်တော်မူသည် (ဟေရှာ၊၄၂း၁-၄)။ ခရစ်တော်၏ နာမသည် မျိုးဆက်များအားလုံးတွင် အောက်မေ့ခြင်း ရှိလိမ့်မည် ဖြစ်၍ ကိုယ်တော်၏အောင်မြင်သော၊ အတူစိုးစံကြသော သန့်ရှင်းသူများမှတစ်ဆင့် လူမျိုးများအားဖြင့် ချီးမွမ်းခြင်းကို ခံရလိမ့်မည် (ဆာ၊၄၅း၁၆-၁၇။ ဗျာ၊၂း၂၆)။

O. ဇီအုန်အားဖြင့် ပုံဆောင်ထားသည့် အောင်မြင်သူများသည် ကြိုတင်ခြေကုပ်ယူထားသော ရှေ့ပြေးတပ် ဖြစ်ပြီး ထိုတပ်မှတစ်ဆင့် သခင်ဘုရားသည် မြေကြီးတစ်ပြင်လုံးကို ပိုင်ဆိုင်ရန် ပြန်ကြွလာတော်မူမည် - ဆာ၊၄၈း၂။ ဒံ၊၂း၃၄-၃၅။

P. "အချင်း ဝင်းတံခါးတို့၊ သင်တို့ ဦးခေါင်းများကို ကြွလိုက်ကြ။ / ကြာရှည်သည်းခံလျက်ရှိသော တံခါးတို့၊ ကိုယ်ကို ကြွလိုက်ကြ။ / ဘုန်းကြီးသော ရှင်ဘုရင် ဝင်တော်မူမည်။ ဘုန်းကြီးသော ရှင်ဘုရင်ကား အဘယ်သူနည်း။ / အစွမ်းတန်ခိုးနှင့် ပြည့်စုံတော်မူသော ယေဟောဝါ၊ / စစ်တိုက်ခြင်း၌ တန်ခိုးကြီးတော်မူသော ယေဟောဝါပေတည်း။...ဘုန်းကြီးသော ရှင်ဘုရင်ကား အဘယ်သူနည်း။ / ဗိုလ်ခြေတို့၏အရှင် ယေဟောဝါပေတည်း။ / ထိုဘုရားသည် ဘုန်းကြီးသော ရှင်ဘုရင် ဖြစ်တော်မူသတည်း။ စေလ" - ဆာ၊၂၄း၇-၈၊ ၁၀။

1. ဝင်းတံခါးများသည် လူမျိုးများ၏မြို့တော်များ ဖြစ်ကြသည်။ တံခါးများသည် လူတို့၏နေအိမ်များ ဖြစ်ကြပြီး၊ ခရစ်တော်သည် လူမျိုးအပေါင်းတို့၏ လိုလားတောင့်တရာ ဖြစ်တော်မူသည် (ဟဂ္ဂဲ၊၂း၇)။ လူမျိုးအပေါင်းတို့သည် ယေဘုယျနည်းလမ်းဖြင့်၊ ခရစ်တော် ပြန်ကြွလာရန် မျှော်မှန်းနေကြသော်လည်း၊ ခရစ်တော်သည် ကျွန်ုပ်တို့၏လူသား အယူအဆအတိုင်း အလျင်အမြန် ကြွလာတော်မူမည် မဟုတ်ပေ (၂ပေ၊၃း၈-၉)။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဦးခေါင်းများကို မော့၍ စောင့်ဆိုင်းရန်နှင့် ကြာရှည်သော သည်းခံမှုဖြင့် ကိုယ်တော်၏ကြွဘာခြင်းကို စောင့်မျှော်ကြရန် လိုအပ်သည်။
2. ဘုန်းကြီးသော ရှင်ဘုရင်သည် ဗိုလ်ခြေတို့၏ (ဆိုလိုသည်မှာ၊ စစ်တပ်များ၏) ယေဟောဝါ၊ အနိုင်ရရှိပြီး အောင်မြင်သော ခရစ်တော်၌ ကိုယ်ထင်ရှားတော်မူသည့် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရား ဖြစ်တော်မူသည် (လု၊၂၁း၂၇။ မ၊ ၂၅း၃၁)။ ယေဟောဝါသည် ယေရှု ဖြစ်တော်မူပြီး၊ ယေရှုသည် လူ့ဇာတိခံသော၊ ကားတိုင်ပေါ်တွင် အသေခံပြီး ရှင်ပြန်

ထမြောက်သော သုံးပါးတစ်ပါးဘုရား ဖြစ်တော်မူသည်၊ ကိုယ်တော်သည် တိုက်ခိုက်ခြင်း၌ သန်စွမ်းပြီး အောင်နိုင်တော်မူသည် (၁း၂၁။ ဗျာ၊၅း၅)။

3. ကိုယ်တော်သည် မြေကြီးတစ်ပြင်လုံးကို သူ၏နိုင်ငံတော်အဖြစ် ပိုင်ဆိုင်ရန် သူ၏အောင်မြင်သူများနှင့်အတူ ရှင်ပြန်ထမြောက်ခြင်း၌ ပြန်ကြွလာမည့်အရှင် ဖြစ်တော်မူသည် - ဒံ၊၂း၃၄-၃၅၊ ၇း၁၃-၁၄။ ယောလ၊၃း၁၁။ ဗျာ၊၁၁း၁၅၊ ၁၉း၁၃-၁၄။

Q. ဘုရားသခင်၏ပလ္လင်တော်ပေါ်ရှိ အရှင်အဖြစ် ခရစ်တော်သည် ကျောက်နီ (၎င်း၏ အနီရောင်သည် ရွေးနုတ်ခြင်းကို ပုံဆောင်သည်) နှင့် ဂျက်စပါကျောက် (၎င်း၏အစိမ်းရင့်ရောင်သည် ကြွယ်ဝခြင်း ရှိသော အသက်ကို ပုံဆောင်သည်) ၏ အဆင်းသဏ္ဍာန် ရှိတော်မူသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ခရစ်တော်၏ ဦးခေါင်းတော်အရိုက်အရာကို ဝန်ခံပြီး ကိုယ်တော်၏ပလ္လင်တော်အောက်တွင် ရှိသောအခါ၊ ကိုယ်တော်၏တရားရေးဆိုင်ရာရွေးနုတ်ခြင်းနှင့် ကိုယ်တော်၏အသက်ဆိုင်ရာ ကယ်တင်ခြင်း၌ ကိုယ်တော်ဖြစ်တော်မူသမျှကို အကျိုးခံစားထိုက်သူများ ဖြစ်ကြသည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကြွယ်ဝသောအသက်၌ ဘုန်းကြီးတော်မူသော ဘုရားသခင်၏တူညီသောအဆင်းသဏ္ဍာန်ကို ဆောင်နိုင်ကြမည် ဖြစ်သည် - ၄း၃၊ ၂၁း၁၀-၁၁က။ ရော၅း၁၀။

R. မိမိတို့၏ဝတ်လုံများကို ခရစ်တော်၏ရွေးနုတ်သော အသွေးတော်၌ ဆေးကြောသောသူများတွင် သန့်ရှင်းသောမြို့တော်၊ ဘုရားသခင်၏ပရဒိသုဘုံ၌ ထာဝရကာလတွင် မိမိတို့၏ထာဝရဝေစုအဖြစ် အသက်ပင်ကို မွေ့လျော်ဝမ်းမြောက်ရသော အခွင့်အရေး ရှိကြသည် - ဗျာ၊၂၂း၁၄၊ ၂း၇။

© 2025 Living Stream Ministry